ဝိဂ္ဂတ္တစိတ္တော၊ လေခပ်သော တံခွန်ကဲ့သို့ ပျံ့လွင့်သော စိတ်ရှိသည်။ (ဟုတ္တာ၊ ဖြစ်၍။) နေကဂ္ဂေါ၊ မတည်ကြည်သော ရဟန်း သာမဏေသည်။ သမ္မာ၊ ကောင်းစွာ။ ဓမ္မံ၊ မဂ် ဖိုလ် နိဗ္ဗာန်တရားကို။ န ပဿတိ၊ မမြင်ရနိုင်။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ အပဿမာနော၊ မမြင်ရသော ရဟန်းသာမဏေသည်။ ဒုက္ခာ၊ ဝဋ်ဆင်းရဲမှ။ န ပရိမုစ္စတိ၊ မလွတ်မြောက်နိုင်။

တသ္မာဟိ(တသ္မာဝေ)၊ ထိုကြောင့်သာလျှင်။ ဝိစက္ခဏော၊ အမြော်အမြင် ပညာမျက်စိရှိသော။ ဇိနပုတ္တော၊ ဘုရားသားတော်သည်။ ဗုဒ္ဓသေဋ္ဌဿ၊ ချီးမွမ်းအပ်သော သူတို့ထက် အထူးသဖြင့် ချီးမွမ်းအပ်သော မြတ်စွာဘုရား၏။ ဩဝါဒံ၊ အဆုံးအမတော် ဖြစ်သော။ ဝတ္တံ၊ ဝတ်ကြီး ဝတ်ငယ်ကို။ ပူရေယျ၊ ဖြည့်ကျင့်ရာ၏။ တတော၊ ထိုသို့ ဖြည့်ကျင့်ခြင်းကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဧဟိတိ၊ ရောက်ရလိမ့်သတည်း။ [အနည်းငယ် ပြင်ထားသော ရှမ်းကလေးကျွန်းဆရာတော်ဘုရား အနက်။]

**မှတ်ချက်။** ။ယခုခေတ်၌ ဤကျင့်ဝတ်များကို ဖြည့်ကျင့်သူနည်းပါးရုံ မက, ဥပဇ္ဈာယ အာစရိယနှင့် တပည့်တို့အတွက်ကား စ ကတည်းကပင် "ပြုသင့် ပြုထိုက်သော ဝတ်ကြီး ဝတ်ငယ်များကို ခွင့်ပြုတော်မူပါ၊ တပည့်တော်ကလည်း ခွင့်ပြုပါ၏"ဟု ပဲစားပဲချေ ပြုလုပ်ထားကြသည်မှာ စဉ်းစားစရာ ကောင်းလှပေ၏၊ မဟာဝါဒအဋ္ဌကထာ၌ကား ဆရာ၌ ဝတ်ပြုမည့်သူ ရှိ၍ "သင်တို့ ဝတ်ပြုဘွယ် မလို၊